# THE NOBAL PEACE PRIZE




# နိုဘယ် ငြိမ်းချမ်းရေးဆု

ယူရီပိုင်ပြုစုသည်။

mgyoe.com

mgyoe.com




# THE NOBAL PEACE PRIZE

## နိုဘယ် ငြိမ်းချမ်းရေးဆု

ယူရိပိုင်ပြုစုသည်။

djs0021
1500.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

နိဘာယ်ငြိမ်းချမ်းရေးဆု
ယူရိဗိုင် - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၅၊
စာမျက်နှာ ၁၆၁၊ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၈.၅ စင်တီ
(၁) နိဘာယ်ငြိမ်းချမ်းရေးဆု

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# နိုဘယ်
# ငြိမ်းချမ်းရေးဆု
# ယူရီပိုင်

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- နိုဘယ်ဆု ပေါ်ပေါက်လာခြင်း ၁
- နိုဘယ် စာပေဆုရှင်စာရင်း (၁၉၀၁-၂၀၁၄) ၁၁
- နိုဘယ်ငြိမ်းချမ်းရေးဆုရရှိသူများ၏ အကြောင်းအရာ ၃၀


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## နိုဘယ်ဆု ပေါ်ပေါက်လာခြင်း

နိုဘယ်ဆု အမျိုးအစား ငါးမျိုးတွင် နိုဘယ်ငြိမ်းချမ်းရေးဆုသည် တစ်ခု အပါအဝင်ဖြစ်သည်။ ဆွီဒင်နိုင်ငံမှ စက်မှုလုပ်ငန်းရှင်၊ တီထွင်ရှင်နှင့် လက်နက်ခဲယမ်းမီး ကျောက်ထုတ်လုပ်သူ အဲလ်ဖရက်နိုဘယ် (Alfred Nobek) က ထူထောင်ပေးခဲ့သည့်ဆုကြီး ဖြစ်သည်။ "နိုင်ငံများအကြား သဟာယစိတ်ဓာတ်အတွက် တည်ရှိနေသည့် စစ်တပ်အင်အား ဖျက်သိမ်းခြင်း သို့မဟုတ် လျှော့ချခြင်းနှင့် ငြိမ်းချမ်းရေးညီလာခံများ ကျင်းပခြင်းနှင့် မြှင့်တင်ခြင်းတို့အတွက် အကောင်းဆုံး လုပ်ကိုင် ပြီးစီးခြင်း သို့မဟုတ် လုပ်ကိုင်ခြင်း" ပြုသူကို နှစ်အလိုက် ချီးမြှင့်ပေးခဲ့သည်မှာ ၁၉၀၁ ခုနှစ် ကတည်းက ဖြစ်သည်။

အဲလ်ဖရက် နိုဘယ်၏ သေတမ်းစာအလိုအရ ဆုချီးမြှင့်ရမည့်သူကို နော်ဝေနိုဘယ်ကော်မတီမှ ရွေးချယ်ပေးသည်။ အဆိုပါ ကော်မတီတွင် အဖွဲ့ဝင် ၅ဦး ပါဝင်ပြီး ၎င်းတို့ကို နော်ဝေပါလီမန်မှ ရွေးချယ်ခန့်

mgyoe.com

mgyoe.com



အပ်ပေးသည်။ ၁၉၉၀ ခုနှစ်မှစ၍ ငြိမ်းချမ်းရေး နိုဘယ်ဆုကြီးကို ဒီဇင်ဘာလ ၁၀ ရက်၌ အော်စလို မြို့တော်ခန်းမတွင် နှစ်စဉ်ကျင်းပပေး ခဲ့သည်။ ရွေးယခင်က ၁၉၀၁ ခုနှစ်မှ ၁၉၀၄ ခုနှစ်အထိ ပါလီမန်၌ လည်းကောင်း၊ ၁၉၀၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ နော်ဝေးနိုဘယ် အင်စတီကျူတွင် လည်းကောင်း၊ ၁၉၄၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ အော်စလိုတက္ကသိုလ် ဥပဒေမဟာဌာနတွင်လည်းကောင်း ဆုချီးမြှင့်သည့် အခမ်းအနားများ ကျင်းပခဲ့သည်။

## ဝိဝါဒကွဲပြားနေခြင်း

နိုဘယ်ငြိမ်းချမ်းရေးဆုကြီးသည် နိုင်ငံရေးသဘောသဘာဝ ဖြစ်နေ သဖြင့် ဆုကြီး၏ သမိုင်းတစ်လျှောက် ဝိဝါဒကွဲပြားကာ အငြင်းပွားမှုများ အမြဲလိုလို ရှိနေစေပေသည်။ ၁၈၉၆ ခုနှစ်၌ အဲလ်ဖရက် နိုဘယ် ကွယ် လွန်ခဲ့ပြီး ငြိမ်းချမ်းရေးဆုကြီး ရွေးချယ်ရန်အတွက် ရှင်းလင်းတင်ပြချက် မထားရစ်ခဲ့ချေ။ သူသည် စက်မှုပညာရှင်တစ်ဦးဖြစ်ပြီး ဓာတုအင်ဂျင် နီယာတစ်ဦးအဖြစ် လေ့ကျင့်သင်ယူခဲ့သူဖြစ်သဖြင့် ဓာတုဗေဒနှင့် ရူပ ဗေဒတို့အတွက် ဆုချီးမြှင့်ပေးလိုခြင်းမှာ သူတတ်ကျွမ်းသည့်ပညာအတွက် ဆုပေးခြင်းဖြစ်သဖြင့် ရှင်းလင်းမြင်သာသည်။ ငြိမ်းချမ်းရေးအတွက်မှာမူ အကြောင်းပြချက် ရှင်းလင်းမြင်သာခြင်း မရှိချေ။ အဘယ်ကြောင့် ဤဆု အမျိုးအစားကို သူထည့်သွင်းခဲ့ရသနည်း။

ဖြစ်နိုင်သည့် အချက်တစ်ခုမှာ နိုဘယ်သည် ငြိမ်းချမ်းရေးလှုပ်

mgyoe.com

mgyoe.com



ရှားသူတစ်ဦးဖြစ်သူ Bertha von Suttner နှင့် ခင်မင်ရင်းနှီးခဲ့ကြပြီး ၎င်း၏ ဩဇာသက်ရောက်မှုကြောင့် ငြိမ်းချမ်းရေးဆုကြီးကို ထည့်သွင်း သတ်မှတ်ရန် နိုဘယ်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ဟန်တူပေသည်။ နောက်ထပ် အကြောင်းပြချက်တစ်ခုမှာ နိုဘယ်၏ အဓိကလုပ်ငန်းမှာ ဖျက်ဆီးခြင်း သာမက သက်ရှိများကိုပါ သေကြေစေသည့် ဒိုင်းနမိုက်များ ထုတ်လုပ် ခြင်းဖြစ်ပေရာ ထိုသို့ စစ်လက်နက်ထုတ်ခြင်းကို ပြန်ချေဖျက်ပေးသည့် အနေဖြင့် ငြိမ်းချမ်းရေးဆုကြီးကို ထည့်သွင်းသတ်မှတ်ခဲ့ခြင်းဖြစ်မည်ဟု ယူဆကြသည်။

နိုဘယ်သည် ဆွီဒင်နိုင်ငံသား ဖြစ်သော်လည်း ငြိမ်းချမ်းရေးဆု ကြီးကို နော်ဝေတို့၏လက်ထဲ ဝကွက်အပ်ထားသည်မှာလည်း မည်သည့် အကြောင်းကြောင့်မှန်း မသိကြရချေ။ သို့လောသို့လော တွေးဆပြောဆို ကြခြင်းများသာရှိပြီး ခိုင်ခိုင်လုံလုံ မရှိလှချေ။

## ဆုချီးမြှင့်ရန် လျာထားသည့်စာရင်း လုပ်ထုံးလုပ်နည်း

နှစ်စဉ်နှစ်တိုင်း နော်ဝေနိုဘယ်ကော်မတီသည် နိုဘယ်ငြိမ်း ချမ်းရေးဆု ချီးမြှင့်နိုင်ရန်အတွက် အမည်တင်သွင်းရန် တောင်းခံခြင်းများ ပြုသည်။ မည်သူမည်ဝါတို့ တင်သွင်းနိုင်သည်ဟူသော သတ်မှတ်ချက် များကို နိုဘယ်ဖောင်ဒေးရှင်းမှ ချမှတ်ပေး သည်။ သို့ဖြစ်ရာ အမည်စာရင်း တင်သွင်းနိုင်ကြသည့်သူတို့မှာ

- နိုင်ငံအဆင့်အဖွဲ့အစည်းများနှင့် အစိုးရများ၊ Inter-Parliametary

mgyoe.com

mgyoe.com



Union အဖွဲ့ဝင်များ

- နယ်သာလန်နိုင်ငံ မြို့တော်ရှိ Permanent Court of Arbitration နှင့် International Court of Justice အဖွဲ့ဝင်များ
- Institut de Droit International အဖွဲ့ဝင်များ
- တက္ကသိုလ်များတွင် လုပ်ကိုင်လျက်ရှိကြသည့် သမိုင်း၊ လူမှုသိပ္ပံ၊ ဒဿန၊ ဥပဒေ သို့မဟုတ် ယုံကြည်ကိုးကွယ်မှုဆိုင်ရာပညာ ပါမောက္ခများ၊ တက္ကသိုလ် အကြီးအကဲများ၊ ငြိမ်းချမ်းရေး သုတေသနဌာနကြီးမှူးများ၊ နိုင်ငံတကာရေးရာဌာနကြီးမှူးများ
- နိုဘယ် ငြိမ်းချမ်းရေးဆုရှင်များ၊ အကယ်၍ ဆုရှင်သည် အဖွဲ့အစည်းဖြစ်နေပါက ၎င်းအဖွဲ့အစည်း၏ ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များ
- နော်ဝေ နိုဘယ်ကော်မတီ၏ လက်ရှိနှင့် ယခင်က အဖွဲ့ဝင်များ
- Norwegian Nobel Institute ၏ ယခင်က အမြဲတမ်းအကြံပေး လုပ်ကိုင်ခဲ့သူများ

အမည်စာရင်းအတွက် ရရှိသည့် ပုဂ္ဂိုလ်ဦးရေစံချိန်များကို ကြည့်မည်ဆိုပါက ၂၀၀၉ ခုနှစ်တွင် လျာထားစာရင်းဝင် ၂၀၅ ဦးဖြင့် စံချိန်သစ်တင်ခဲ့သည်။ ထိုစံချိန်ကို နောက်တစ်နှစ် ၂၀၁၀ ခုနှစ်၌ ၂၃၇ ဦးဖြင့် စံချိန်ချိုးလိုက်သည်။ နောက်တစ်နှစ်ဖြစ်သည့် ၂၀၁၁ ခုနှစ်၌ ၂၄၁ ဦးဖြင့် စံချိန်ထပ်ချိုးလိုက်ပြန်သည်ကို တွေ့ရသည်။

mgyoe.com

mgyoe.com



## လျာထားအမည်စာရင်း လျှို့ဝှက်ထားခြင်း

နိုဘယ်ငြိမ်းချမ်းရေးဆု ပေးဖို့ အလားအလာရှိသည့် လျာထား အမည်စာရင်းကို နှစ်ပေါင်း ငါးဆယ်တိုင်တိုင် လျှို့ဝှက်ထားသည်။ သို့ဖြစ်ရာ နှစ်ပေါင်း ငါးဆယ်ပြည့်ပြီးမှသာ လျာထားအမည်စာရင်းကို လူအများသိခွင့်ရရှိသည်။ ဥပမာအားဖြင့် ၁၉၆၂ ခုနှစ်အတွက် လျာထား အမည်စာရင်းကို နောက်ထပ် နှစ်ပေါင်းငါးဆယ် ကြာမြင့်ပြီးချိန် ဖြစ်သည့် ၂၀၁၂ ခုနှစ်ကျမှ လူအများသိခွင့်ရကြပေသည်။ နိုဘယ်ဖောင်ဒေးရှင်း သည် ဆုချီးမြှင့်ရန် ဆုရှင်ကို ရွေးချယ်သတ်မှတ်ရာ၌ အမည်တင်သွင်း သည့်သူများ၏ စာရင်း၊ အဆုံးအဖြတ်ပြုရန်စဉ်းစားပုံ၊ မေးမြန်းစုံစမ်းခြင်း စသည်တို့နှင့် ပတ်သက်သော သတင်းအချက်အလက်များကို နှစ်ပေါင်း ၅၀ တိုင်တိုင် ဖွင့်ဟပြောကြားခြင်း မပြုချေ။ တစ်စွန်းတစ်စ ပေါက်ကြား ခြင်းရှိမည်ဖြစ်သော်လည်း တရားဝင် မဖြစ်ချေ။

## ရွေးချယ်ပုံ အဆင့်ဆင့်

ဆုချီးမြှင့်ရန် လျာထားစာရင်းတွင် ပါဝင်သည့်သူတို့ကို နိုဘယ် ကော်မတီက အစည်းအဝေးများ ထိုင်ပြီး ဆန်ကာတင်စာရင်းကို ရွေးချယ် သတ်မှတ်ပေးသည်။ ထိုဆန်ကာတင်စာရင်းကို နိုဘယ် အင်စတီကျူ၏ အမြဲတမ်းအကြံပေးတို့က စဉ်းစားပေးကြသည်။ ထိုအကြံပေးအဖွဲ့တွင် ဆုပေးသည့်ကိစ္စရပ်အပေါ် ကျွမ်းကျင်သူများ ပါဝင်ကြသည်။ အကြံပေး အဖွဲ့က လအတန်ကြာအချိန်ယူ ဆောင်ရွက်ပေးပြီးသောအခါ အစီရင်ခံ

mgyoe.com

mgyoe.com



စာကို နိုဘယ်ကော်မတီထံ တင်သွင်းသည်။ ကော်မတီသည် ဆုံးဖြတ်ချက်ပေးသူတို့ကို အမည်မဖော်ထုတ်ဘဲ ရရှိရန် ကြိုးပမ်းမည်ဖြစ်သော်လည်း ထိုသို့မဖြစ်နိုင်သည့်အခါများလည်းရှိမည် ဖြစ်သည်။ နိုဘယ်ကော်မတီသည် စက်တင်ဘာလလယ်တွင် အပြီးသတ် ရွေးချယ်မှုကို ဆောင်ရွက်သည်။ သို့သော် နောက်ဆုံးဘိတ် ဆုံးဖြတ်ချက်ကို အောက်တိုဘာလဆန်း၌ တရားပင် ကြေညာခြင်းမပြုခင် ကျင်းပသည့် နောက်ဘိတ်ဆုံး အစည်းအဝေးကျမှ ဆုံးဖြတ်ချက် ချလေ့ရှိသည်။

## နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်း

နော်ဝေနိုဘယ်ကော်မတီ ဥက္ကဋ္ဌက ငြိမ်းချမ်းရေး နိုဘယ်ဆုကို နော်ဝေဘုရင်ရှေ့မှောက်၌ နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်တွင် ချီးမြှင့်ပေးသည်။ ထိုရက်သည် အဲလ်ဖရက်နိုဘယ်ကွယ်လွန်ခဲ့သည့် နှစ်ပတ်လည်နေ့ ဖြစ်သည်။ နိုဘယ်ဆု ၅ မျိုးရှိသည့်အနက် ဤဆုတစ်ခုတည်းသာ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းတွင် မချီးမြှင့်ခြင်း ဖြစ်သည်။ ဆုရှင်သည် ဒီပလိုမာတစ်စောင်၊ ရွှေတံဆိပ်တစ်ခုနှင့် ဆုကြေးအတည် ပြုပေးထားသည့် စာရွက်စာတမ်းတို့ကို ရရှိသည်။ ၂၀၁၃ ခုနှစ်၌ ချီးမြှင့်ခဲ့သည့် ဆုကြေးမှာ အမေရိကန်ဒေါ်လာ တစ်သန်းခွဲနီးပါး ဖြစ်သည်။

## ဝေဖန်မှုများ

နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်းသည် လတ်တလော လက်ငင်း

mgyoe.com

mgyoe.com



အထမြောက်ခြင်းများကိုသာ ချီးမြှင့်နေခြင်းဖြစ်သည်ဟု ခံစားမိကြောင်း ဝေဖန်မှုများ ရှိနေသည်။ အထမမြောက်သေးလျှင်လည်း နောက်မဆုတ်ဘဲ ဆက်လုပ်စေရန်အတွက် အားပေးသည့်အနေဖြင့် ဆုချီးမြှင့်ခြင်းများလည်း ရှိခဲ့ပေသည်။ ကျယ်ပြန့်သည့်အရေးကိစ္စဖြစ်သည့် ငြိမ်းချမ်းရေးဆုအတွက် လူနည်းစုဖြင့်သာ အဆုံးအဖြတ်ပြုခြင်းသည် အမှားအယွင်းရှိတတ်သည်ဟုလည်း ထောက်ပြကြသည်။

နောက်ထပ် ထောက်ပြချက်တစ်ခုမှာ နော်ဝေနိုဘယ်ကော်မတီသည် အဖွဲ့ဝင်များ ထားရှိရာ၌ ပညာရှင်များနှင့် နိုင်ငံတကာရေးရာကျွမ်းကျင်သူများကို ထားရှိသင့်သည်။ ယခု အငြိမ်းစား ပါလီမန်အမတ်များ ပါဝင်နေကြသည်။ သို့ဖြစ်ရာ အမြင်မကျယ်နိုင်တော့ချေ။ နော်ဝေးမှာ ထင်ရှားသည့် သမိုင်းပညာရှင် Øivind Stenersen က နော်ဝေသည်ဆုကြီးကို နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒများ၊ စီးပွားရေးအကျိုးများအတွက် ကိရိယာတစ်ခုအဖြစ် သုံးစွဲနေသည်ဟု ဝေဖန်ခဲ့သည်။

နိုဘယ်၏ မြေးဖြစ်သူ Michael Nobel ကလည်း ဆုရှင်ရွေးချယ်ပုံသည် နိုင်ငံရေးသက်သက်ဖြစ်နေပြီး အဘိုးဖြစ်သူ နိုဘယ်၏ ဆန္ဒနှင့် ကိုက်ညီမှု ရှိချင်မှ ရှိသည်ဟု ဝေဖန်ခဲ့ပေသည်။

ဗီယက်နမ်မှ ခေါင်းဆောင် လီဒတ်သိုနှင့် အမေရိကန်မှ နိုင်ငံခြားရေးဝန်ကြီး ဟင်နရီ ကစ်ဆင်ဂျာတို့ကို နိုဘယ်ငြိမ်းချမ်းရေးဆုရှင်အဖြစ် ရွေးချယ်ခဲ့ကြရာ၌ သဘောထားကွဲလွဲသူ ကော်မတီအဖွဲ့ဝင်နှစ်ဦး

mgyoe.com

mgyoe.com




ချက်ချင်းနှုတ်ထွက်ခဲ့ကြသည်။ လီဒတ်သိုက ဗီယက်နမ်သည် ငြိမ်းချမ်းရေး မရရှိသေးပါဘဲလျက် နိုဘယ်ငြိမ်းချမ်းရေးဆုကို ချီးမြှင့်ခြင်း ဖြစ်သဖြင့် ဆုလက်ခံဖို့ ငြင်းပယ်ခဲ့ပေသည်။

Mikhail Gorbachev ၊ Yitzhak Rabin ၊ Shimon Peres ၊ Menachem Begin နှင့် Yasser Arafat ၊ Lê Đuc Tho ၊ Henry Kissinger ၊ Jimmy Carter ၊ Al Gore ၊ IPCC ၊ Liu Xiaobo ၊ Barack Obama နှင့် European Union တို့ကို ဆုရှင်အဖြစ် ရွေးချယ်ခြင်းကြောင့် အကြီးအကျယ် ဝေဖန်ခြင်းခံခဲ့ရပေသည်။

Mahatma Gandhi ၊ Eleanor Roosevelt ၊ ဦးသန့် ၊ Václav Havel ၊ Ken Saro-Wiwa ၊ Fazle Hasan Abed ၊ Sari Nusseibeh နှင့်

mgyoe.com

mgyoe.com



Corazon Aquino တို့သည် နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်သင့်ပါလျက် ချီးမြှင့်ခြင်းမခံရဟု ဝေဖန်ကြသည်။ အထူးသဖြင့် မဟတ္တမဂန္ဒီသည် လျာထားစာရင်းတွင် ငါးကြိမ်တိုင်တိုင် ပါခဲ့သော်လည်း ဆုပေးဖို့ အပယ်ခံရသည့်အတွက် ဝေဖန်မှုများ ပြင်းထန်ခဲ့သည်။ ဂန္ဒီအနေဖြင့် နိုဘယ်ငြိမ်းချမ်းရေးဆု မရရှိသော်လည်း အကြောင်းမဟုတ်ချေ။ နိုဘယ်ကော်မတီသည် ဂန္ဒီကို ဆုမချီးမြှင့်ခဲ့ခြင်းမှာမူ မေးစရာဖြစ်နေသည်ဟု ပြောဆိုခြင်းများ ရှိခဲ့ပေသည်။ ၁၉၄၈ ခုနှစ်၌ ဂန္ဒီ လုပ်ကြံသတ်ဖြတ်ခံရပြီး သေဆုံးသွားခဲ့သည်။ ထိုသို့ ကွယ်လွန်ခဲ့ပြီးသည့်နောက် ဂန္ဒီကို နိုဘယ်ငြိမ်းချမ်းရေးဆုပေးဖို့ ရွေးချယ်ခဲ့သော်လည်း သက်ရှိထင်ရှား မဟုတ်သူကို နိုဘယ်ဆု မပေးရဟူသည့်မူနှင့် ငြိစွန်းနေသဖြင့် မပေးဖြစ်ခဲ့ချေ။ သို့ဖြစ်ရာ ၁၉၄၈ ခုနှစ်အတွက် နိုဘယ်ငြိမ်းချမ်းရေးဆု ပေးထိုက်သောသူ မရှိဟု ကြေညာကာ ဆုချီးမြှင့်ခြင်း မပြုဘဲနေခဲ့ပေသည်။

နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံရသူများထဲတွင် ထူးထူးခြားခြားဟု ဆိုရမည့်သူမှာ ၁၉၆၂ခုနှစ်၌ နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်းခံရသည့် Linus Pauling ဖြစ်သည်။ သူသည် ပူးတွဲ မဟုတ်ဘဲ တစ်ဦးတည်းကိုသာ ချီးမြှင့်သည့် နိုဘယ်ဆုကို ငြိမ်းချမ်းရေးဆုတစ်ဆုနှင့် ၁၉၅၄ခုနှစ်၌ နိုဘယ်ဓာတုဗေဒဆု တစ်ဆု စုစုပေါင်း နှစ်ဆု ချီးမြှင့်ခံရသူ ဖြစ်သည်။ ၂၀၁၄ ခုနှစ်အထိ နိုဘယ် ငြိမ်းချမ်းရေးဆုကို လူပုဂ္ဂိုလ် ၁၀၃ ဦးနှင့် အဖွဲ့အစည်း ၂၂ ခုတို့ကို ချီးမြှင့်ခဲ့ပြီးပြီ ဖြစ်သည်။ နိုဘယ် ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်းခံရသည့် အမျိုးသမီးဦးရေမှာ ၁၆ ဦး ရှိပြီဖြစ်ပေရာ အခြား

mgyoe.com

mgyoe.com



နိုဘယ်ဆု အမျိုးအစားတို့ထက် ဦးရေပိုများသည်။ တစ်ကြိမ်ထက်မက ချီးမြှင့်ခံရခြင်း များလည်း ရှိပေရာ International Committee of the Red Cross(ICRC) သည် သုံးထပ်ကွမ်းဆုရှင်(၁၉၁၇ခုနှစ်၊ ၁၉၄၄ ခုနှစ် နှင့် ၁၉၆၃ ခုနှစ်)ဖြစ်ပြီး United Nations High Commissioner for Refugees(UNHCR) သည် နှစ်ထပ်ကွမ်း ဆုရှင်(၁၉၅၄ခုနှစ်နှင့် ၁၉၈၁ ခုနှစ်) ဖြစ်သည်။ နိုဘယ်ငြိမ်းချမ်းရေးဆု မချီးမြှင့်ဖြစ်ခဲ့သည့်နှစ် စုစုပေါင်း ၁၉ နှစ်ရှိခဲ့ပေသည်။ သို့ဖြစ်ရာ ဆုမချီးမြှင့်ဖြစ်သည့် နှစ် အရေအတွက် တွင်လည်း နိုဘယ်ငြိမ်းချမ်းရေးဆုသည် အခြားနိုဘယ်ဆု အမျိုးအစား တို့ထက် ပိုများပေသည်။

mgyoe.com

mgyoe.com



# နိုဘယ် စာပေဆုရှင်စာရင်း (၁၉၀၁–၂၀၁၄)

| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| ၁၉၀၁ | Henry Dunant | ဆွစ်ဇာလန် |
| ၁၉၀၁ | Frédéric Passy | ပြင်သစ် |
| ၁၉၀၂ | Élie Ducommun | ဆွစ်ဇာလန် |
| ၁၉၀၂ | Charles Albert Gobat | ဆွစ်ဇာလန် |
| ၁၉၀၃ | William Randal Cremer | ယူကေ |
| ၁၉၀၄ | Institute of International Law | ဘယ်လ်ဂျီယံ |
| ၁၉၀၅ | Bertha von Suttner | ဩစတြီးယား–ဟန်ဂေရီ |
| ၁၉၀၆ | Theodore Roosevelt | အမေရိကန် |
| ၁၉၀၇ | Ernesto Teodoro Moneta | အီတလီ |
| ၁၉၀၇ | Louis Renault | ပြင်သစ် |
| ၁၉၀၈ | Klas Pontus Arnoldson | ဆွီဒင် |
| ၁၉၀၈ | Fredrik Bajer | ဒိန်းမတ် |
| ၁၉၀၉ | Auguste Beernaert | ဘယ်လ်ဂျီယံ |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| ၁၉၀၉ | Paul Henri d'Estournelles de Constant | ပြင်သစ် |
| ၁၉၁၀ | Permanent International Peace Bureau | ဆွစ်ဇာလန် |
| ၁၉၁၁ | Tobias Asser | နယ်သာလန် |
| ၁၉၁၁ | Alfred Fried | ဩစတြီးယား–ဟန်ဂေရီ |
| ၁၉၁၂ | Elihu Root | အမေရိကန် |
| ၁၉၁၃ | Henri La Fontaine | ဘယ်လ်ဂျီယံ |
| ၁၉၁၄ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၁၅ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၁၆ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၁၇ | International Committee of the Red Cross | ဆွစ်ဇာလန် |
| ၁၉၁၈ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၁၉ | Woodrow Wilson | အမေရိကန် |
| ၁၉၂၀ | Léon Bourgeois | ပြင်သစ် |
| ၁၉၂၁ | Hjalmar Branting | ဆွီဒင် |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| ၁၉၂၁ | Christian Lange | နော်ဝေ |
| ၁၉၂၂ | Fridtjof Nansen | နော်ဝေ |
| ၁၉၂၃ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၂၄ | Austen Chamberlain | ယူကေ |
| ၁၉၂၅ | Charles G. Dawes | အမေရိကန် |
| ၁၉၂၆ | Aristide Briand | ပြင်သစ် |
| ၁၉၂၆ | Gustav Stresemann | ဂျာမနီ |
| ၁၉၂၇ | Ferdinand Buisson | ပြင်သစ် |
| ၁၉၂၇ | Ludwig Quidde | ဂျာမနီ |
| ၁၉၂၈ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၂၉ | Frank B. Kellogg | အမေရိကန် |
| ၁၉၃၀ | Nathan Söderblom | ဆွီဒင် |
| ၁၉၃၁ | Jane Addams | အမေရိကန် |
| ၁၉၃၁ | Nicholas Murray Butler | အမေရိကန် |
| ၁၉၃၂ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၃၃ | Norman Angell | ယူကေ |
| ၁၉၃၄ | Arthur Henderson | ယူကေ |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| ၁၉၃၅ | Carl von Ossietzky | ဂျာမနီ |
| ၁၉၃၆ | Carlos Saavedra Lamas | အာဂျင်တီးနား |
| ၁၉၃၇ | Robert Cecil | ယူကေ |
| ၁၉၃၈ | Nansen International Office for Refugees | နိုင်ငံပေါင်းချုပ်အသင်းကြီး |
| ၁၉၃၉ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၄၀ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၄၁ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၄၂ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၄၃ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၄၄ | International Committee of the Red Cross | ဆွစ်ဇာလန် |
| ၁၉၄၅ | Cordell Hull | အမေရိကန် |
| ၁၉၄၆ | Emily Greene Balch | အမေရိကန် |
| ၁၉၄၆ | John Raleigh Mott | အမေရိကန် |
| ၁၉၄၇ | Friends Service Council/ American Friends Service Committee | ယူကေ/အမေရိကန် |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| ၁၉၄၈ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၄၉ | The Lord Boyd-Orr | ယူကေ |
| ၁၉၅၀ | Ralph Bunche | အမေရိကန် |
| ၁၉၅၁ | Léon Jouhaux | ပြင်သစ် |
| ၁၉၅၂ | Albert Schweitzer | ပြင်သစ် |
| ၁၉၅၃ | George Catlett Marshall | အမေရိကန် |
| ၁၉၅၄ | United Nations High Commissioner for Refugees | ကုလသမဂ္ဂ |
| ၁၉၅၅ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၅၆ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၅၇ | Lester Bowles Pearson | ကနေဒါ |
| ၁၉၅၈ | Georges Pire | ဘယ်လ်ဂျီယံ |
| ၁၉၅၉ | Philip J. Noel-Baker | ယူကေ |
| ၁၉၆၀ | Albert Lutuli | တောင်အာဖရိက |
| ၁၉၆၁ | Dag Hammarskjöld | ဆွီဒင် |
| ၁၉၆၂ | Linus Carl Pauling | အမေရိကန် |
| ၁၉၆၃ | International Committee | ဆွစ်ဇာလန် |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| | of the Red Cross | |
| ၁၉၆၃ | League of Red Cross Societies | ဆွစ်ဇာလန် |
| ၁၉၆၄ | Martin Luther King, Jr. | အမေရိကန် |
| ၁၉၆၅ | United Nations International Children's Emergency Fund (UNICEF) | ကုလသမဂ္ဂ |
| ၁၉၆၆ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၆၇ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၆၈ | René Cassin | ပြင်သစ် |
| ၁၉၆၉ | International Labour Organization | ကုလသမဂ္ဂ |
| ၁၉၇၀ | Norman E. Borlaug | အမေရိကန် |
| ၁၉၇၁ | Willy Brandt | ဂျာမနီ |
| ၁၉၇၂ | ဆုချီးမြှင့်ခဲ့ခြင်း မရှိခဲ့ချေ။ | |
| ၁၉၇၃ | Henry Kissinger | အမေရိကန် |
| ၁၉၇၃ | Le Duc Tho | ဗီယက်နမ် |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| ၁၉၇၄ | Seán MacBride | အိုင်ယာလန် |
| ၁၉၇၄ | Eisaku Sato- | ဂျပန် |
| ၁၉၇၅ | Andrei Dmitrievich Sakharov | ရုရှား |
| ၁၉၇၆ | Betty Williams | ယူကေ/ အိုင်ယာလန် |
| ၁၉၇၆ | Mairead Corrigan | ယူကေ/ အိုင်ယာလန် |
| ၁၉၇၇ | Amnesty International | ယူကေ |
| ၁၉၇၈ | Mohamed Anwar Al-Sadat | အီဂျစ် |
| ၁၉၇၈ | Menachem Begin | အစ္စရေး |
| ၁၉၇၉ | Mother Teresa | အိန္ဒိယ |
| ၁၉၈၀ | Adolfo Pérez Esquivel | အာဂျင်တီးနား |
| ၁၉၈၁ | United Nations High Commissioner for Refugees | ကုလသမဂ္ဂ |
| ၁၉၈၂ | Alva Myrdal | ဆွီဒင် |
| ၁၉၈၂ | Alfonso García Robles | မက္ကဆီကို |
| ၁၉၈၃ | Lech Walesa | ပိုလန် |
| ၁၉၈၄ | Desmond Tutu | တောင်အာဖရိက |
| ၁၉၈၅ | International Physicians | အမေရိကန် |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| | for the Prevention of Nuclear War | |
| ၁၉၈၆ | Elie Wiesel | အမေရိကန် |
| ၁၉၈၇ | Óscar Arias | ကိုစတာရီကာ |
| ၁၉၈၈ | United Nations Peace-Keeping Forces | ကုလသမဂ္ဂ |
| ၁၉၈၉ | Tenzin Gyatso, 14th Dalai Lama | တိဘက် |
| ၁၉၉၀ | Mikhail Sergeyevich Gorbachev | ရုရှား |
| ၁၉၉၁ | Aung San Suu Kyi | မြန်မာ |
| ၁၉၉၂ | Rigoberta Menchú | ဂွာတီမာလာ |
| ၁၉၉၃ | Nelson Mandela | တောင်အာဖရိက |
| ၁၉၉၃ | Frederik Willem de Klerk | တောင်အာဖရိက |
| ၁၉၉၄ | Yasser Arafat | ပါလက်စတိုင်း |
| ၁၉၉၄ | Yitzhak Rabin | အစ္စရေး |
| ၁၉၉၅ | Joseph Rotblat | ယူကေ |
| ၁၉၉၅ | Pugwash Conferences | ကနေဒါ |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| | on Science and World Affairs | |
| ၁၉၉၆ | Carlos Filipe Ximenes Belo | အရှေ့တီမော |
| ၁၉၉၆ | José Ramos-Horta | အရှေ့တီမော |
| ၁၉၉၆ | International Campaign to Ban Landmines | ဆွစ်ဇာလန် |
| ၁၉၉၇ | Jody Williams | အမေရိကန် |
| ၁၉၉၈ | John Hume | အိုင်ယာလန် |
| ၁၉၉၈ | David Trimble | ယူကေ |
| ၁၉၉၉ | Médecins Sans Frontières | ဆွစ်ဇာလန် |
| ၂၀၀၀ | Kim Dae-jung | ကိုရီးယား |
| ၂၀၀၁ | United Nations | ကုလသမဂ္ဂ |
| ၂၀၀၁ | Kofi Annan | ဂါနာ |
| ၂၀၀၂ | Jimmy Carter | အမေရိကန် |
| ၂၀၀၃ | Shirin Ebadi | အီရန် |
| ၂၀၀၄ | Wangari Muta Maathai | ကင်ညာ |
| ၂၀၀၄ | International Atomic Energy Agency | ကုလသမဂ္ဂ |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| ၂၀၀၅ | Mohamed ElBaradei | အီဂျစ် |
| ၂၀၀၆ | Muhammad Yunus | ဘင်္ဂလားဒေ့ရှ် |
| ၂၀၀၆ | Grameen Bank | ဘင်္ဂလားဒေ့ရှ် |
| ၂၀၀၇ | Intergovernmental Panel on Climate Change | ကုလသမဂ္ဂ |
| ၂၀၀၇ | Al Gore | အမေရိကန် |
| ၂၀၀၈ | Martti Ahtisaari | ဖင်လန် |
| ၂၀၀၉ | Barack Obama | အမေရိကန် |
| ၂၀၁၀ | Liu Xiaobo | တရုတ် |
| ၂၀၁၁ | Ellen Johnson Sirleaf | လိုင်ဘေးရီးယား |
| ၂၀၁၁ | Leymah Gbowee | လိုင်ဘေးရီးယား |
| ၂၀၁၁ | Tawakkul Karman | ယီမင် |
| ၂၀၁၂ | European Union | ဥရောပ |
| ၂၀၁၃ | Organisation for the Prohibition of Chemical Weapons | နိုင်ငံတကာ |
| ၂၀၁၄ | Malala Yousafzai | ပါကစ္စတန် |

mgyoe.com

mgyoe.com



| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| ၂၀၁၄ | Kailash Satyarthi | အိန္ဒိယ |

## ဆုမချီးမြှင့်သည့်နှစ်များ

နိုဘယ်ငြိမ်းချမ်းရေးဆုကို ယေဘုယျအားဖြင့် နှစ်စဉ်ချီးမြှင့်ရန် ဖြစ်သော်လည်း ဆုချီးမြှင့်ခြင်း မပြုဖြစ်ခဲ့သည့်နှစ် ၁၉ နှစ် ရှိခဲ့သည်။ ၎င်းတို့ မှာ ၁၉၁၄ မှ ၁၉၁၆ ခုနှစ်အထိ၊ ၁၉၁၈၊ ၁၉၂၃၊ ၁၉၂၄၊ ၁၉၂၈၊ ၁၉၃၂၊ ၁၉၃၉ မှ ၁၉၄၃ ခုနှစ် အထိ၊ ၁၉၄၈၊ ၁၉၅၅၊ ၁၉၅၆၊ ၁၉၆၆၊ ၁၉၆၇နှင့် ၁၉၇၂ ခုနှစ်တို့ ဖြစ်သည်။

အဘယ်ကြောင့် အဆိုပါနှစ်များ၌ ဆုချီးမြှင့်ဖို့ ပျက်ကွက်ခဲ့ရသနည်း။ ဆုအတွက်လျာထားခြင်း ခံရသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်း

**၉၆** ၁၉၀၁ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချီးမြှင့်ပြီးခဲ့သည့် နိုဘယ်ငြိမ်းချမ်းရေးဆု ခုရေစုစုပေါင်း

**၁၂၈** ၁၉၀၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချီးမြှင့်ပြီးခဲ့သည့် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် အရေအတွက်စုစုပေါင်း

mgyoe.com

mgyoe.com



များသည် ဆုပေးထိုက်လောက်အောင် ပြည့်မီခြင်းမရှိသဖြင့် ဆုမပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ဆုကြေးကို နောက်လာမည့်နှစ်အတွက် ထားရှိပေးထားလိုက်ရပေသည်။ အကယ်၍ နောက်နှစ်၌လည်း ဆု မပေးနိုင်ပြန်ပါက ဆုကြေးကို ဖောင်ဒေးရှင်း၏ ကန့်သတ်ချုပ်ချယ်ထားသည့် ရန်ပုံငွေတွင် ထည့်ပေါင်းပေးမည် ဖြစ်သည်။ ပထမနှင့် ဒုတိယကမ္ဘာစစ်များအတွင်း၌ နိုဘယ်ဆုများ ချီးမြှင့်သည့် အရေအတွက် လျော့နည်းခဲ့သည်။

## ခွဲဝေပေးခဲ့သည့်ဆုများ

နိုဘယ်ငြိမ်းချမ်းရေးဆုကို တစ်ဦးတည်း သို့မဟုတ် တစ်ဖွဲ့တည်းကို ချီးမြှင့်ခဲ့သည့် ကြိမ်ရေမှာ ၆၄ ကြိမ် ဖြစ်သည်။ ဆုရသူနှစ်ဦးအား ခွဲဝေပေးစေခဲ့သည့် ကြိမ်ရေ ၂၈ ကြိမ် ရှိခဲ့သည်။ ဆုရသူသုံးဦးအား ခွဲဝေပေးစေခဲ့သည့် ကြိမ်ရေ ၂ ကြိမ် ရှိခဲ့သည်။

ပူးတွဲဆုချီးမြှင့်သောအခါ နှစ်ဦး သို့မဟုတ် သုံးဦး ပူးတွဲဖြစ်ပါက အညီအမျှ ခွဲဝေပေးမည် ဖြစ်သည်။ မည်သည့်အခါမှ သုံးဦးထက်ပိုပြီး ပူးတွဲချီးမြှင့်ခြင်းမပြုဟု ကန့်သတ်ထားသည်။

## ဆုရှင် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ အရေအတွက်

နိုဘယ် ငြိမ်းချမ်းရေးဆုရှင် အရေအတွက် ၁၂၈ ရှိရာ၌ ၁၀၃ ဦး

mgyoe.com

mgyoe.com



သည် ပုဂ္ဂိုလ်တစ်ဦးချင်းကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ၂၅ ခုသည် အဖွဲ့အစည်းတို့ကို ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ Comité International de la Croix Rouge (International Committee of the Red Cross)သည် သုံးထပ်ကွမ်းဆုရှင် အဖွဲ့အစည်း ဖြစ်သည်။ Office of the United Nations High Commissioner for Refugees သည် နှစ်ထပ်ကွမ်းဆုရှင် အဖွဲ့အစည်း ဖြစ်သည်။ သို့ဖြစ်ရာ နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံရသည့် အဖွဲ့အစည်းခုရေမှာ ၂၂ ဖွဲ့ ဖြစ်သည်။

## ပျမ်းမျှအသက်၊ အသက် အငယ်ဆုံး၊ အသက်အကြီးဆုံး

နိုဘယ်ငြိမ်းချမ်းရေးဆုရှင်တို့ ဆုရရှိသည့်နှစ်၌ ရောက်ရှိနေသည့် အသက်တို့ကို ပျမ်းမျှတွက်ချက်ကြည့်သောအခါ ပျမ်းမျှအသက်သည် ၆၂ နှစ် ဖြစ်ကြောင်း အဖြေရရှိသည်။

နိုဘယ်ငြိမ်းချမ်းရေးဆုရှင်တို့၏ မွေးနေ့များတွင် အဖြစ်အများဆုံး မွေးရက်နှစ်ခုမှာ မေလ ၂၁ ရက်နှင့် ဖေဖော်ဝါရီလ ၂၈ ရက်တို့ ဖြစ်သည်။

# ၂

## သုံးဦး ပူးတွဲ ချီးမြှင့်ခဲ့သည့် နိုဘယ်ငြိမ်းချမ်းရေးဆု အရေအတွက်

mgyoe.com

mgyoe.com



နိုဘယ်ငြိမ်းချမ်းရေးဆုရှင်များတွင် ဆုရရှိသည့်အချိန်၌ အသက်အငယ်ဆုံးဖြစ်သူမှာ Malala Yousafzai ဖြစ်သည်။ ဆုကြီးကို ချီးမြှင့်ခြင်းခံရသည့် ၂၀၁၄ခုနှစ်၌ သူ့အသက်သည် ၁၇ နှစ်သာ ရှိပေသေးသည်။

နိုဘယ်ငြိမ်းချမ်းရေးဆုရှင်များတွင် ဆုရရှိသည့်အချိန်၌ အသက်အကြီးဆုံးဖြစ်သူမှာ Joseph Rotblat ဖြစ်ပြီး ဆုချီးမြှင့်ခြင်းခံရသည့် ၁၉၉၅ ခုနှစ်တွင် သူ့ အသက်သည် ၈၇ နှစ် ရှိပြီ ဖြစ်သည်။

## အမျိုးသမီး နိုဘယ်ငြိမ်းချမ်းရေးဆုရှင်များ

နိုဘယ်ငြိမ်းချမ်းရေးဆုရှင်တို့တွင် အမျိုးသမီး ၁၆ ဦးပါဝင်သည်။ ဆုရရှိသည့် အမျိုးသမီးများထဲတွင် အဦးဆုံးရရှိခဲ့သူမှာ Bertha von Suttner ဖြစ်ပြီး ၁၉၀၅ ခုနှစ်တွင် ရရှိခဲ့သည်။

| ခုနှစ် | ဆုရှင်အမည် | နိုင်ငံ |
|---|---|---|
| ၁၉၀၅ | Bertha von Suttner | ဩစတြီးယား–ဟန်ဂေရီ |
| ၁၉၃၁ | Nicholas Murray Butler | အမေရိကန် |
| ၁၉၄၆ | John Raleigh Mott | အမေရိကန် |

mgyoe.com

mgyoe.com



| | | |
|---|---|---|
| ၁၉၇၆ | Betty Williams | ယူကေ/အိုင်ယာလန် |
| ၁၉၇၆ | Mairead Corrigan | ယူကေ/အိုင်ယာလန် |
| ၁၉၇၉ | Mother Teresa | အိန္ဒိယ |
| ၁၉၈၂ | Alva Myrdal | ဆွီဒင် |
| ၁၉၉၁ | Aung San Suu Kyi | မြန်မာ |
| ၁၉၉၂ | Rigoberta Menchú | ဂွာတီမာလာ |
| ၁၉၉၇ | Jody Williams | အမေရိကန် |
| ၂၀၀၃ | Shirin Ebadi | အီရန် |
| ၂၀၀၄ | Wangari Muta Maathai | ကင်ညာ |
| ၂၀၁၁ | Ellen Johnson Sirleaf | လိုင်ဘေးရီးယား |
| ၂၀၁၁ | Leymah Gbowee | လိုင်ဘေးရီးယား |
| ၂၀၁၁ | Tawakkul Karman | ယီမင် |
| ၂၀၁၄ | Malala Yousafzai | ပါကစ္စတန် |

mgyoe.com

mgyoe.com



## နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ချိန်၌ ထိန်းသိမ်းခံထားရသူများ

သက်ဆိုင်ရာ အစိုးရမှ ထိန်းသိမ်းခံထားရသဖြင့် နိုဘယ်ငြိမ်းချမ်းရေးဆုချီးမြှင့်ခြင်း အခမ်းအနားသို့ မတက်ရောက်နိုင်ခဲ့သူ သုံးဦး ရှိခဲ့သည်။ ၎င်းတို့မှာ ဂျာမနီမှ စစ်ဆန့်ကျင်ရေးစာနယ်ဇင်းသမား Carl von Ossietzky ၊ မြန်မာမှ နိုင်ငံရေးခေါင်းဆောင်သူ အောင်ဆန်းစုကြည်၊ တရုတ်မှ လူ့အခွင့်အရေးတိုက်ပွဲဝင်သူ Liu Xiaobo တို့ ဖြစ်သည်။

## နိုဘယ်ငြိမ်းချမ်းရေးဆု လက်ခံရန် ငြင်းပယ်သူ

၁၉၇၃ ခုနှစ်၌ နိုဘယ်ငြိမ်းချမ်းရေးဆုကြီးကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Henry Kissinge နှင့် ပူးတွဲ ချီးမြှင့်ခြင်းခံရသူ ဗီယက်နမ်နိုင်ငံရေးခေါင်းဆောင်သူ Le Duc Tho သည် ဆုကို ငြင်းပယ်ခဲ့သည်။ ထိုသို့ နိုဘယ်ငြိမ်းချမ်းရေဆုကြီးကို လက်ခံရန်ငြင်းပယ်သူ ဟူ၍ သူတစ်ဦးတည်းသာ ရှိပေသေးသည်။ သူက ဗီယက်နမ်တွင် ငြိမ်းအေးမှု မရရှိသေးသဖြင့် ငြိမ်းချမ်းရေးဆုကို မယူလိုကြောင်း ငြင်းပယ်ခဲ့ ခြင်းဖြစ်သည်။

## ၁ လက်ခံရယူရန် ငြင်းပယ်ခြင်းပြုသည့် နိုဘယ်ငြိမ်းချမ်းရေးဆု အရေအတွက်

mgyoe.com

mgyoe.com



## နိုဘယ်ငြိမ်းချမ်းရေးဆု ကွယ်လွန်ပြီးမှ ချီးမြှင့်ခံရသူ

ကွယ်လွန်ပြီးမှ နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံရသူမှာ Dag Hammarskjöld ဖြစ်ပြီး ၁၉၆၁ ခုနှစ်တွင် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၄ ခုနှစ်မှစ၍ ကွယ်လွန်ပြီးသူကို မည်သည့် နိုဘယ်ဆုအမျိုးအစားကိုမှ ချီးမြှင့်ခြင်း မပြုရတော့ချေ။ ဆုချီးမြှင့်ကြောင်း ကြေညာခဲ့ပြီး ဆုချီးမြှင့်သည့် အခမ်းအနားမကျင်းပခင် ဆုယူမည့်သူ ကွယ်လွန်ခဲ့လျှင် ဆုကို ပြန်မရုပ်သိမ်းဘဲ ချီးမြှင့်ခြင်းပြုသည်။

## ၂၀၁၃ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆု ရွေးချယ်ခဲ့ပုံ

နှစ်စဉ်နှစ်တိုင်း နော်ဝေးနိုဘယ်ကော်မတီသည် နိုဘယ်ငြိမ်းချမ်းရေးဆု အတွက် အမည်စာရင်းတင်သွင်းရန် ဖိတ်ခေါ်စာများ ထောင်ချီပြီး ပေးပို့သည်။ ပေးပို့သည့် အမည်များစာရင်းကို နှစ်ပေါင်း ၅၀ တိုင်တိုင် ထုတ်ဖော်ပြောကြားခြင်း မပြုချေ။ သို့သော် လျာထားသူဦးရေကိုတော့ ကော်မတီက နှစ်စဉ်ကြေညာပေးသည်။

၂၀၁၃ ခုနှစ်အတွက် နိုဘယ်ငြိမ်းချမ်းရေးဆုအတွက် တင်သွင်းလာကြသည့် အမည်ပေါင်း ၂၅၉ ခု ရရှိရာ လူပုဂ္ဂိုလ်တစ်ဦး



mgyoe.com

mgyoe.com



ချင်း၏ အမည်များနှင့် အဖွဲ့အစည်းအမည်များ ပါဝင်ကြသည်။ ထို အရေအတွက်သည် ခုရေအများဆုံးအဖြစ် စံချိန်သစ် တင်ခဲ့သည်။

Jane Addams သည် ၁၉၁၆ ခုနှစ်မှ ၁၉၃၁ ခုနှစ်အတွင်း ၉၁ ကြိမ်တိုင်တိုင် လျာထားစာရင်းတွင် ပါဝင်ခဲ့သူ ဖြစ်သည်။ ၁၉၃၁ ခုနှစ်ကျမှ နိုဘယ်ငြိမ်းချမ်းရေး နိုဘယ်ဆု ချီးမြှင့်ခြင်း ခံရသည်။ လျာထားစာရင်းတွင် တစ်ကြိမ်တည်းသာပါခဲ့ပြီး ပါသည့်နှစ်တွင် ဆုချီးမြှင့်ခြင်းခံရသည့် နိုဘယ်ငြိမ်းချမ်းရေးဆုရှင်တို့မှာ Emily Green Balch၊ Fridtjof Nansen နှင့် Theodore Roosevelt တို့ ဖြစ်သည်။

နာဇီခေါင်းဆောင် Adolf Hitler သည် ၁၉၃၉ ခုနှစ် လျာထားစာရင်းတွင် ပါဝင်ခဲ့ဖူးသည်။ သူ့အမည်ကို တင်သွင်းသူမှာ ဆွီဒင်မှ ပါလီမန်အမတ် Brand ဖြစ်ပြီး ထိုစဉ်က ဗြိတိသျှဝန်ကြီးချုပ် Neville Chamberlin ကို အမည်စာရင်းတင်သွင်းသည့်အပေါ် မကျေနပ်သဖြင့် လှောင်ပြောင်သည့်သဘောဖြင့် Adolf Hitler ကို အမည်စာရင်း တင်သွင်းခဲ့ခြင်း ဖြစ်သည်။

## ၆၄ ၁၉၀၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပူးတွဲ မဟုတ်ဘဲ တစ်ဦးတည်းကိုသာ ချီးမြှင့်ခဲ့သည့် နိုဘယ်ငြိမ်းချမ်းရေးဆု အရေအတွက်

mgyoe.com

mgyoe.com



ဆိုဗီယက် ယူနီယံ ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး Joseph Stalin ကို ဒုတိယကမ္ဘာစစ်ကြီး အပြီးသတ်စေရန် ကြိုးပမ်းအားထုတ်သည့်အတွက် ၁၉၄၅ ခုနှစ်နှင့် ၁၉၄၈ ခုနှစ်တို့တွင် လျာထားစာရင်းအတွက် အမည်တင်သွင်းခဲ့ကြသည်။ သို့သော် ဆုချီးမြှင့်ရန် ရွေးချယ်ခြင်း မခံခဲ့ရပေ။

■

mgyoe.com

mgyoe.com



နိုဘယ်ငြိမ်းချမ်းရေးဆုရရှိသူများ၏ အကြောင်းအရာ



mgyoe.com

mgyoe.com




## Henry Dunant

Henry Dunant သည် ၁၉၀၁ ခုနှစ် တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီးကို ဖွေဆော်ဦး ပူးတွဲချီးမြှင့်ခံရသူတစ်ဦးဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် ၈ မေလ ၁၈၂၈ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၈၂ နှစ် အရွယ် ၃၀ အောက်တိုဘာလ ၁၉၁၀ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ နိုင်ငံတကာကြက်ခြေနီ လှုပ်ရှားမှုနှင့် ဂျနီဗာ ကွန်ဗင်းရှင်း အစပျိုးပေးခြင်းတို့အတွက် နိုဘယ် ငြိမ်းချမ်းရေးဆုကြီးကို ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ ၁၈၅၉ ခုနှစ်၌ ဆိုလ်ဖာရီနို စစ်မြေပြင်သို့ တိုက်ပွဲပြီးချိန်၌ ရောက်ရှိခဲ့ပြီး ဒဏ်ရာရထားသူတို့ကိုကြည့်ပြီး တုန်လှုပ်မိသည်။ ထိုသူတို့ကို ပြုစုကုသရန် တတ်စွမ်းသရွေ့ ဆောင်ရွက်ခဲ့သည်။ ထိုအတွေ့အကြုံကို စာအုပ် ရေးသားပြီး မိမိဘာသာ အကုန်အကျခံကာ ထုတ်ဝေခဲ့သည်။ ၎င်း စာအုပ်ကို လူအများက လက်ခံကြိုဆိုခဲ့ကြပြီး ဒဏ်ရာရစစ်သည်တို့ကို ပြုစုကုသရန် နိုင်ငံတကာ အဖွဲ့အစည်းထူထောင်ဖို့အတွက် ထောက်ခံအားပေးမှုများရရှိခဲ့ပြီး နောက်ဆုံး၌ နိုင်ငံတကာ ကြက်ခြေနီကော်မတီ ထူထောင်နိုင်စေခဲ့ပေသည်။

mgyoe.com

mgyoe.com





# Frédéric Passy

Frédéric Passy သည် ၁၉၀၁ ခုနှစ်တွင် နိုဘယ် ငြိမ်းချမ်းရေး ဆုကြီးကို ဖွေဆော်ဦး ပူးတွဲချီးမြှင့်ခံရသူတစ်ဦး ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ၂၀ မေလ ၁၈၂၂ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၉၀ နှစ်အရွယ် ၁၂ ဇွန်လ ၁၉၁၂ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ Inter-Parliamentary Union ထူထောင်သူဖြစ်ခြင်းနှင့် Universal Peace Congress အထမြောက်အောင် ဆောင်ရွက်ခဲ့ခြင်းတို့အတွက် အဓိကထားပြီး နိုဘယ်ငြိမ်းချမ်းရေးဆုကြီးကို ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com





## Élie Ducommun

Elie Ducommun သည် ၁၉၀၂ ခုနှစ် တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီးကို ပူးတွဲချီးမြှင့်ခံရသူဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် ၁၉ ဖေဖော်ဝါရီလ ၁၈၃၃ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၇၄ နှစ်အရွယ် ၇ ဒီဇင်ဘာလ ၁၉၀၆ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ ၁၈၆၇ ခုနှစ်၌ Ligue de la paix et de la liberté (League of Peace and Freedom) ထူထောင်ရာ၌

mgyoe.com

mgyoe.com



ပါဝင်ကူညီခဲ့သည်။ ၁၈၉၁ခုနှစ်၌ အသစ်ထူထောင်လိုက်သော အစိုးရမပါရသည့် အဖွဲ့အစည်းဖြစ်သည့် Bureau international de la paix (International Peace Office)တွင် လခမယူဘဲ ဒါရိုက်တာ တာဝန်ထမ်းဆောင်ပေးခဲ့သည်။ မိမိ၏ ယုံကြည်ချက်သက်သက်အတွက် ယခုလို စေတနာဝန်ထမ်းလုပ်ကိုင်ပေးသည်ဟု သူက ဆိုခဲ့ပေသည်။ ထိုငြိမ်းချမ်းရေးအဖွဲ့အစည်းတွင် စွမ်းစွမ်းတမံ လုပ်ကိုင်သည့်အတွက် နိုဘယ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံရခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com





# Charles Albert Gobat

Charles Albert Gobat သည် ၁၉၀၂ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီးကို ပူးတွဲချီးမြှင့်ခံရသူဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၌ ၂၁ မေလ ၁၈၄၃ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အသက် ၇၁ နှစ်အရွယ် ၁၆ မတ်လ ၁၉၁၄ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ Permanent International Peace Bureau တွင် ဦးဆောင်ဦးရွက်ပြုခဲ့ခြင်းအတွက် ဤသို့ ဆုကြီး ချီးမြှင့်ခံ ရခြင်းဖြစ်သည်။ အထက်၌ဆိုခဲ့သည့် Élie Ducommun ကွယ်လွန်ပြီး ချိန်၌ ၎င်း လုပ်ကိုင်ခဲ့သည့် International Peace Office ၌ ပခုံးပြောင်းတာဝန်ယူကာ ထမ်းဆောင်ပေးခဲ့ပေသည်။

mgyoe.com

mgyoe.com





## William Randal Cremer

William Randal Cremerသည် ၁၉၀၃ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီး ချီးမြှင့်ခံရသူ ဖြစ်သည်။ ယူကေနိုင်ငံတွင် ၁၈ မတ်လ ၁၈၂၈ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၈၀နှစ် အရွယ် ၂၂ ဇူလိုင်လ

mgyoe.com

mgyoe.com



၁၉၀၈ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ သူသည် Inter-Parliamentary Union (IPU)ကို ပူးတွဲထူထောင်ခဲ့သူဖြစ်ပြီး International Arbitration League ကို ထူထောင်ခဲ့သူလည်းဖြစ်သည်။ IPU တွင် ဦးစီး ဦးဆောင်တာဝန်ယူကာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းအတွက် ဤဆုကြီးကို ချီးမြှင့်ပေးခဲ့ခြင်း ဖြစ်သည်။ သူသည် ၁၈၉၉ ခုနှစ်နှင့် ၁၉၀၇ ခုနှစ်တို့တွင် ဟုဂ်မြို့၌ ကျင်းပခဲ့သည့် ငြိမ်းချမ်းရေး ကွန်ဖရင့်တို့ကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့သူလည်း ဖြစ်သည်။

mgyoe.com

mgyoe.com



I·D·I

justitia et pace

INSTITUT DE DROIT INTERNATIONAL

## Institut de Droit international (IDI)

Institut de Droit international (IDI) သည် Institute of International Law ကို ပြင်သစ်ဘာသာဖြင့် ခေါ်ဆိုခြင်း ဖြစ်သည်။ နိုင်ငံတကာဥပဒေများ ပေါ်ပေါက်ရေးကို ဦးလည်မသုန် ဆောင်ရွက်ရန် ထူထောင်ထားသည့် အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတကာမှ ဥပဒေပညာရှင် အကျော်အမော်များ ပါဝင်ကြသည်။ ၁၉၀၄ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီး ချီးမြှင့်ခံရသည်။

အဖွဲ့ကြီးကို ၈ စက်တင်ဘာလ ၁၈၇၃ ခုနှစ်၌ လူသိများသည့် နိုင်ငံတကာ ဥပဒေပညာရှင် ကိုးဦးဖြင့် စတင်ထူထောင်ခဲ့သည်။ အဖွဲ့ကြီး၏ ဆောင်ပုဒ်မှာ Justitia et pace ဖြစ်သည်။

mgyoe.com

mgyoe.com





## Bertha von Suttner

Bertha von Sutt-ner သည် ၁၉၀၅ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီး ချီးမြှင့်ခံရသူ ဖြစ်သည်။ နိုဘယ်ငြိမ်းချမ်းရေးဆုကြီး ချီးမြှင့်ခံရသည့် အမျိုးသမီးများထဲတွင် ပထမဆုံးဆု ရရှိသူဖြစ်သည်။ ဩစတြီးယားနိုင်ငံတွင် ၉ ဇွန်လ ၁၈၄၃ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၇၁ နှစ်အရွယ် ၂၁ ဇွန်လ ၁၉၁၄ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ သူမသည်

mgyoe.com

mgyoe.com



စစ်ဆန့်ကျင်ရေးသမားနှင့် ဝတ္ထုရေးသူ ဖြစ်သည်။ သူမ ရေးသားသည့် စစ်ဆန့်ကျင်ရေးစာအုပ် Lay Down Your Arms! ကြောင့် သူမသည် ဩစတြီးယားငြိမ်းချမ်းရေးလှုပ်ရှားမှုတွင် ဦးဆောင်သူနေရာသို့ ရောက်ရှိသွားသည်။ သူမသည် အဲလ်ဖရက်နိုဘယ်၏ ကိုယ်ရေးအတွင်း ရေးမှူးအဖြစ် ရက်သတ္တပတ် နှစ်ပတ်ခန့် ယာယီအားဖြင့် လုပ်ကိုင်ခဲ့ဖူးပြီး အဲလ်ဖရက်နိုဘယ်နှင့် စာအဆက် အသွယ်မပြတ် ရှိခဲ့သူဖြစ်သည်။ နိုဘယ်ဆုများတွင် ငြိမ်းချမ်းရေးကိုလည်း ဆုအမျိုးအစားတစ်ခုအဖြစ် ထည့်သွင်းရန် သူမက တိုက်တွန်းစည်းရုံးပေးခဲ့သည်။

mgyoe.com

mgyoe.com



# Theodore Roosevelt




Theodore Roosevelt သည် ၁၉၀၆ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီး ချီးမြှင့်ခံရသူ ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ၂၇ အောက်တိုဘာလ ၁၈၅၈ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၆၀ နှစ်အရွယ် ၆ ဇန်နဝါရီလ ၁၉၁၉ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ သူသည် အမေရိကန်နိုင်ငံ၏ သမ္မတတာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ ၁၉၀၅ ခုနှစ်၌ ဂျပန်နှင့် ရုရှားစစ်ပွဲတွင် ကြားဝင်စေ့စပ်ပေးခဲ့ရာ အောင်မြင်မှုရရှိခဲ့သည့်အတွက် ဤဆုကြီး ချီးမြှင့်ခံရခြင်း ဖြစ်သည်။ ထိုနှစ်နိုင်ငံသည် ဆာခလင်ကျွန်း ပိုင်ဆိုင်မှုအတွက် အငြင်းပွားရာမှ စစ်ပွဲဆင်နွှဲခဲ့ ကြခြင်းဖြစ်ပြီး ကျွန်း၏ မြောက်ဘက်ခြမ်းကို ရုရှားမှရယူပြီး တောင်ဘက်ခြမ်းကို ဂျပန်မှရယူရန် သဘောတူညီချက်ရရှိခဲ့ကြပေသည်။

mgyoe.com

mgyoe.com





## Ernesto Teodoro Moneta

Ernesto Teodoro Monetaသည် ၁၉၀၇ ခုနှစ်တွင် နိုဘယ် ငြိမ်းချမ်းရေးဆုကြီး ပူးတွဲချီးမြှင့်ခံရသူ ဖြစ်သည်။ အီတလီနိုင်ငံတွင် ၂၀ စက်တင်ဘာလ ၁၈၃၃ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၈၅ နှစ်အရွယ် ၁၀ ဖေဖော်ဝါရီလ ၁၉၁၈ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ သူသည် အီတလီနိုင်ငံ ငြိမ်းချမ်းရေး လှုပ်ရှားမှုတွင် ဦးဆောင်နေရာမှ ပါဝင်သူ ဖြစ်သည်။ လက်နက်ဖျက်သိမ်းရေးကို ဦးတည်သော Lombard Association for Peace and Arbitration ကို ၁၈၈၇ ခုနှစ်၌ ထူထောင်ခဲ့သူ ဖြစ်သည်။

mgyoe.com

mgyoe.com





## Louis Renault

Louis Renault သည် ၁၉၀၇ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီး ပူးတွဲချီးမြှင့်ခံရသူ ဖြစ်သည်။ ပြင်သစ်နိုင်ငံ၌ ၂၁ မေလ ၁၈၄၃ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အသက် ၈၅ နှစ် အရွယ် ၈ ဖေဖော်ဝါရီလ ၁၉၁၈ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ သူသည် ခုံသမာဓိအဖြစ် လုပ်ကိုင်ရာ၌ အောင်မြင်ကျော်ကြားသူဖြစ်သည်။ Hague Conventions တွင် ၁၈၉၉ ခုနှစ်နှင့် ၁၉၀၇ ခုနှစ်တို့တွင် လုပ်ကိုင်ကူညီပေးခဲ့သည်။ နိုင်ငံတကာ ခုံသမာဓိ အဖြစ် နိုင်ငံတို့အကြား အငြင်းပွားခြင်းများကို အဆုံးအဖြတ်ပြုပေးနိုင်ခြင်း အတွက် ဤဆုကြီးကို ချီးမြှင့်ခံရခြင်း ဖြစ်သည်။ သူသည် ဟုဂ်မြို့ရှိ Permanent Court of Arbitration ၏ အဖွဲ့ဝင်အဖြစ်လည်း ပါဝင်ခဲ့သည်။

mgyoe.com

mgyoe.com






## Klas Pontus Arnoldson

Klas Pontus Arnoldson သည် ၁၉၀၈ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီး ပူးတွဲချီးမြှင့်ခံရသူ ဖြစ်သည်။ ဆွီဒင်နိုင်ငံတွင် ၂၇ အောက်တိုဘာလ ၁၈၄၄ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၇၂နှစ် အရွယ် ၂၀ ဖေဖော်ဝါရီလ ၁၉၁၆ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ သူသည် စစ်ဆန့်ကျင်ရေးသမားတစ်ဦးဖြစ်ပြီး စာရေးဆရာ၊ စာနယ်ဇင်းသမားနှင့် နိုင်ငံရေးသမား ဖြစ်သည်။ သူသည် Swedish Peace and Arbitration Society ကို ထူထောင်သူများထဲတွင် ပါဝင်ခဲ့ပြီး ၎င်းအဖွဲ့၏ ပထမဆုံး ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

mgyoe.com

mgyoe.com





## Fredrik Bajer

Fredrik Bajer သည် ၁၉၀၈ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီး ပူးတွဲ ချီးမြှင့်ခံရသူ ဖြစ်သည်။ ဒိန်းမတ်နိုင်ငံတွင် ၂၁ ဧပြီလ ၁၈၃၇ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၈၅ နှစ်အရွယ် ၂၂ ဇန်နဝါရီလ ၁၉၂၂ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ စစ်ဆန့်ကျင်ရေး နိုင်ငံရေးသမားဖြစ်ပြီး ပါလီမန်အမတ်အဖြစ် လုပ်ကိုင်ခဲ့ရာ၌ ဒိန်းမတ်နိုင်ငံကို Inter-Parliamentary Union တွင် စတင်ထူထောင်ခါစ၌ ပါဝင်အောင် စည်းရုံးဆောင်ရွက်ပေးခဲ့သည်။

mgyoe.com

mgyoe.com





## Auguste Beernaert

Auguste Beernaert သည် ၁၉၀၉ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကြီး ပူးတွဲချီးမြှင့်ခံရသူ ဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် ၂၆ ဇူလိုင်လ ၁၈၂၉ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၈၃ နှစ် အရွယ် ၆ အောက်တိုဘာလ ၁၉၁၆ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်ခဲ့ဖူးသည်။ Permanent Court of Arbitration တွင် သူ၏ လုပ်ကိုင်မှုများအတွက် ဤဆုကြီးကို ချီးမြှင့်ပေးခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com





## Paul Henri d'Estournelles de Constant

Paul Henri d'Estour-nelles de Constant သည် ၁၉၀၉ ခုနှစ်တွင် နိုဘယ်ငြိမ်း ချမ်းရေးဆုကြီး ပူးတွဲချီးမြှင့်ခံ ရသူ ဖြစ်သည်။ ပြင်သစ်နိုင်ငံ တွင် ၂၂ နိုဝင်ဘာလ ၁၈၅၂ ခုနှစ်၌ မွေးဖွားခဲ့ပြီး အသက် ၇၂ နှစ် အရွယ် ၁၅ မေလ ၁၉၂၄ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။ သူသည် သံတမန်နှင့် နိုင်ငံရေးသမား ဖြစ်သည်။ နိုင်ငံတကာ ခုံသမာဓိဖြင့်

mgyoe.com